# ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေ

[ ၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၂ ]

## နိဒါန်း

ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့အသီးသီးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များပြဋ္ဌာန်းရန် လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်၊

(ခ) **ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ပြည်နယ် လုပ်ငန်း စစ်ဆေးရေးအဖွဲ့၊ တိုင်း လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် မြို့နယ် လုပ်ငန်း စစ်ဆေးရေးအဖွဲ့များကို ဆိုသည်၊

(ဂ) **ဝန်ထမ်း အဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ကာကွယ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားရေး၊ ဥပဒေရေး၊ လုပ်ငန်းစစ်ဆေးရေး စသည့်ကိစ္စအဝဝအတွက် တာဝန်ထမ်းဆောင်ရန် ခန့်ထားသော ဗဟိုနှင့်ဒေသဆိုင်ရာ **ဝန်ထမ်းအဖွဲ့အစည်းများ**ကို ဆိုသည်။

# အခန်း (၂)

## ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်

၃။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို အခြေခံဥပဒေပုဒ်မ ၁၁၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းသည်လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အသစ်ရွေးချယ်တင်မြှောက် ပြီးသည့်အထိ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်၊

(ဂ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့များကို အခြေခံဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (က) နှင့် (ခ) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်၊

(ဃ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ သက်တမ်းသည် ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေး အဖွဲ့သည် ပြည်သူ့ကောင်စီ သက်တမ်း

ကုန်ဆုံးသည့်အခါ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ပြီးသည်အထိလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၄။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့များကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည်—

(က) နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဆိုရှယ်လစ်စနစ်ကိုအကောင်အထည်ဖော်ရာတွင် လုပ်ငန်းစစ်ဆေးရေး အဖွဲ့အစည်းများအဖြစ်ထမ်းဆောင်ရန်၊

(ခ) လွှတ်တော်မှ ချမှတ်သောမူဝါဒ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်များနှင့်အညီ ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများက ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရန်၊

(ဂ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဃ) လုပ်သားပြည်သူတို့၏ အကျိုးကို ထိခိုက်နစ်နာ စေလျက် လူတဦး၊ လူတစု သို့မဟုတ် အသင်းအဖွဲ့တခု၏ အကျိုးအတွက် မတရားလုပ်ဆောင်မှု၊ မသမာ ကိုယ်ကျိုးရှာမှု ရှိ မရှိ စစ်ဆေးရန်၊

(င) လုပ်ငန်းတွင်ကျယ်မှု၊ အောင်မြင်မှု ရှိ မရှိစစ်ဆေးရန်၊

(စ) လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိ မရှိစစ်ဆေးရန်၊

(ဆ) လုပ်ငန်း စစ်ဆေးရေး ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို စည်းရုံးရယူရန်။

## အခန်း (၃)

## ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် လွှတ်တော်ကို တာဝန်ခံရ ည်။ လုပ်ငန်းစစ်ဆေးရေး အခြေအနေများကို နိုင်ငံတော်ကောင်စီမှ တဆင့် ွှတ်တော်သို့ အချိန်မှန်အစီရင်ခံရမည်။ လွှတ်တော် အစည်းအဝေးကျင်းပ ည့် ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံရမည်။

။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် —

(က) ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြား အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိ မရှိစစ်ဆေးရမည်၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ချက်များကို နိုင်ငံတော် ကောင်စီမှတဆင့် လွှတ်တော်သို့တင်ပြရမည်။

၇။ (က) လွှတ်တော်က ဖြစ်စေ၊ နိုင်ငံတော် ကောင်စီက ဖြစ်စေ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့အား အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးပေးရန်အကြောင်းကြားလာသည့်အခါ လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ ဖြစ်စေ၊ နိုင်ငံတော်ကောင်စီသို့ဖြစ်စေ အစီရင်ခံရမည်၊

(ခ) ဝန်ကြီးအဖွဲ့ကဖြစ်စေ၊ ပြည်သူ့တရားသူကြီးအဖွဲ့ကဖြစ်စေ၊ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ကဖြစ်စေ မိမိလက်အောက်ရှိ အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးပေးရန် ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့အား တောင်းခံလာပါက လိုအပ်သလိုဆောင်ရွက်၍ စစ်ဆေးတွေ့ရှိချက်များကို တောင်းခံသည့်အဖွဲ့သို့ ပေးပို့ရမည်၊

(ဂ) ပြည်သူ့ကောင်စီတရပ်က ဖြစ်စေ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတရပ်ကဖြစ်စေ၊ ယင်းတို့၏ လက်အောက်ရှိအဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးပေးရန် တောင်းခံလာပါက ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည်ကိစ္စအလိုက်ချင့်ချိန်၍ သင့်တော်သလို ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကို တောင်းခံသည့် အဖွဲ့သို့ပေးပို့ရမည်။

၈။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ သို့မဟုတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များပါဝင်သော အဖွဲ့ငယ်များသည် အောက်ပါ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်—

(က) လွှတ်တော်ရုံး၊

(ခ) နိုင်ငံတော်ကောင်စီရုံး၊

(ဂ) ဝန်ကြီးအဖွဲ့ရုံး၊

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့ရုံး၊

(င) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး၊

(စ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံး၊

(ဆ) ဝန်ကြီးဌာနများ၊

(ဇ) ဗဟိုတရားရုံး၊

(ဈ) ဗဟိုဥပဒေရုံး၊

(ည) ဗဟိုစာရင်းရုံး၊

(ဋ) ဦးစီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများ၏ ဗဟို အဆင့်ရှိ အဖွဲ့အစည်းများနှင့် လုပ်ငန်းများ၊

(ဌ) ဝန်ကြီးဌာနများက တိုက်ရိုက်ကြီးကြပ်သည့် ဗဟိုအဆင့်ရှိအခြား အဖွဲ့အစည်းများ၊

(ဍ) ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် ယင်းတို့၏အဖွဲ့အစည်းများ၊

(ဎ) သမဝါယမအသင်းများ၊

(ဏ) စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသည့် အဖွဲ့အစည်းများ။

၉။ ဤဥပဒေအရ စစ်ဆေးခံရမည့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့် လုပ်ငန်းကိုမဆို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များပါဝင်သော အဖွဲ့ငယ်များကသာ စစ်ဆေးရမည်ဟု ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့က သတ်မှတ်နိုင်သည်။

၁၀။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ပြည်သူ့လုပ်ငန်း စစ်ဆေး ရေး အဖွဲ့ဝင်များပါဝင်သော အဖွဲ့ငယ်များသည် ဒေသဆိုင်ရာဝန်ထမ်း အဖွဲ့ အစည်းများနှင့် လုပ်ငန်းများကို လိုအပ်ပါက စစ်ဆေးနိုင်သည်။

၁၁။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် မိမိ၏ တွေ့ရှိချက်များအရ လည်းကောင်း၊ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့ကောင်စီများ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ လူထုလူတန်းစား အဖွဲ့အစည်းများ သို့မဟုတ်

ဝန်ထမ်း အဖွဲ့အစည်းများ၏ တိုင်ကြားချက်အရ သော်လည်းကောင်း လိုအပ်သည်ဟုယူဆပါက မိမိစစ်ဆေးပိုင်ခွင့်ရှိသော အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကိုစစ်ဆေးနိုင်သည်။

၁၂။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရသုံးခန့်မှန်းခြေ ငွေစာရင်းပါရငွေများကို ပြည့်ဝစွာရရှိအောင်ဆောင်ရွက်မှု ရှိ မရှိစစ်ဆေးခြင်း၊

(ခ) ရသုံး ခန့်မှန်းခြေ ငွေစာရင်းပါ သုံးခွင့်ပြုထားသည့်ငွေကြေးများကို ထိရောက်စွာအသုံးပြု မပြု စစ်ဆေးခြင်း၊

(ဂ) ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံ အင်အားတို့သည် ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှုရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) နှစ်စဉ် ခွင့်ပြုသည့် ဝန်ထမ်း အင်အားအတွင်း ဝန်ထမ်းများအသုံးပြု ဆောင်ရွက်ခြင်းရှိ မရှိစစ်ဆေးခြင်း၊

(င) ဖွဲ့စည်းပုံနှင့် လုပ်ကိုင်ဆောင်ရွက်ပုံသည် မူလ ရည်ရွယ်ချက်သို့မဟုတ် ရည်မှန်းချက် ဖြစ်မြောက်စေမည့် အခြေအနေမျိုးရှိ မရှိစစ်ဆေးခြင်း၊

(စ) ပြည်သူပိုင်ပစ္စည်း၊ သမဝါယမပိုင် ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်း အသုံးပြုရာတွင် တိကျမှန်ကန်မှု၊ သတိရှိစွာ စောင့်ရှောက်မှုနှင့် ထိရောက်တွင်ကျယ်စွာအသုံးပြုမှုရှိ မရှိစစ်ဆေးခြင်း၊

(ဆ) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့် ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ်ကြေညာ၍ သိမ်းပိုက်ထားသည့်ပစ္စည်းများ၊ ပိုင်ရှင်ကတရားဝင် စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင် ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင်စာရင်းသွင်းခြင်း ရှိ မရှိ၊ ထိန်းသိမ်းခြင်းရှိ မရှိ၊ စနစ်တကျအသုံးပြုခြင်း ရှိ မရှိ၊ လိုအပ်သည့်ကိစ္စများတွင် စနစ်တကျထုခွဲရောင်းချ လွှဲပြောင်းပေးခြင်း ရှိ မရှိစစ်ဆေးခြင်း၊

(ဇ) ရင်းနှီးပစ္စည်း၊ နှစ်ချင်းသုံးပစ္စည်း၊ ထုတ်ကုန်ပစ္စည်း၊ ရောင်းဝယ်ကုန်ပစ္စည်း၊ ပျက်စီးပျောက်ဆုံးသည့် ပစ္စည်းများအပါအဝင်ပစ္စည်း စာရင်းများကို စစ်ဆေးခြင်း၊

(ဈ) ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းများနှင့် လုပ်ငန်းဆောင်ရွက်ပေးမှု စာရင်းများကိုစစ်ဆေးခြင်း၊

(ည) ကုန်ပစ္စည်းများနှင့် ဆောင်ရွက်ပေးမှုများ၏ အရေအတွက်နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊

(ဋ) လုပ်ငန်းစီမံကိန်းများကိုအကောင်အထည်ဖော်ရာတွင်လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဌ) ကုန်ကျစရိတ်နှင့် အကျိုး သက်ရောက်မှုကို နှိုင်းယှဉ်၍စစ်ဆေးခြင်း၊

(ဍ) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်း ဖွဲ့စည်းလုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်ကိန်းများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေး စွမ်းဆောင်ရည် တိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘက်၌ အကျိုးသက်ရောက်မှု၊ လုပ်ငန်းစည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာလုပ်ကိုင်ဆောင်ရွက်မှုနှင့် ငွေကြေးနှင့်ပစ္စည်းများကို အလဟဿနှင့် အကျိုးမရှိပဲအသုံးပြုခြင်းမှကင်းရှင်းမှုတို့ကို သုံးသပ်စစ်ဆေးခြင်း၊

(ဎ) ကျင့်သုံးလျက်ရှိသည့် စာရင်းအင်း ထားသိုပုံနည်းစနစ်များသည် ခိုင်လုံမှုရှိ မရှိ စစ်ဆေးခြင်း။

၁၇။ (က) နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သာမန်အားဖြင့် ရက်ပေါင်းကိုးဆယ်အတွင်း လူစာရင်း၊ ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းအပါအဝင် နှစ်ချုပ် စာရင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ပေးပို့ရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့သည် မိမိစစ်ဆေးပိုင်ခွင့်ရှိသောအဖွဲ့အစည်းများအား စစ်ဆေးရန် အစီအစဉ်ကိုသက်ဆိုင်ရာဗဟို အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲရမည်။သာမန်အားဖြင့် အဖွဲ့အစည်းများသည် ယင်းအစီအစဉ်အတိုင်းအစစ်အဆေးခံနိုင်ရန် လိုအပ်သည့် ပြင်ဆင်မှုများကိုပြုလုပ်ထားရမည်။

၁၄။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် ——

(က) ဝန်ကြီးဌာနများ၊ ဗဟိုဦးစီးဌာနများ၊ ဘုတ်အဖွဲ့များ၊ကော်ပိုရေးရှင်းများ၊ ဗဟိုတရားရုံးနှင့် ဗဟိုဥပဒေရုံးတို့အားစစ်ဆေးရာတွင် စစ်ဆေး တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိ ဝန်ထမ်းများအား မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ အကြံပေးခြင်း၊ အဖြေရှာခြင်းများပြုလုပ်ရမည်။ ယင်းသို့ပြုလုပ်ပြီးပါက လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီး၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့အား အကြောင်းကြား၍ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပေးခြင်း၊ အဖြေရှာခြင်းတို့ကို ပြုလုပ်ရမည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်သော်လည်းပြီးပြတ်ခြင်းမရှိပါက ဝန်ကြီးအဖွဲ့သို့ အကြောင်းကြားရမည်။ ဝန်ကြီးအဖွဲ့နှင့်လည်း ပြီးပြတ်ခြင်းမရှိပါကနိုင်ငံတော်ကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ် သို့မဟုတ် ညွှန်ကြားချက်တောင်းခံရမည်၊

(ဂ) ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်သော်လည်း ပြီးပြတ်ခြင်းမရှိပါက နိုင်ငံတော်ကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ် သို့မဟုတ် ညွှန်ကြားချက် တောင်းခံရမည်။

၁၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည်——

(က) ဥပဒေအရစစ်ဆေးရမည့် အဖွဲ့အစည်း သို့မဟုတ်လုပ်ငန်းများကိုစစ်ဆေးရာတွင်ဥပဒေ အရ အရေး ယူသင့်သည်ဟု ယူဆ

သော ကိစ္စများကို တွေ့ရှိပါက တွေ့ရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲ သို့မဟုတ် လုပ်ငန်းအကြီးအကဲကလိုအပ်သလို အရေးယူနိုင်ရန် အကြောင်းကြားရမည့်အပြင် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းသို့လည်း အကြောင်းကြားရမည်၊

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ်ပုဂ္ဂိုလ်အား ဥပဒေအရ အရေးယူသင့်က အရေးယူနိုင်ရန် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သို့ အကြောင်းကြားရမည်။

၁၆။ ပုဒ်မ ၁၅ အရ စစ်ဆေးချက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီအရေးယူရန် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းတရပ်ကို သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့ကောင်စီ တရပ်ကိုသော်လည်းကောင်း အကြောင်းကြားပြီး၊သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ပြည်သူ့ကောင်စီကမည်ကဲ့သို့ အရေးယူလျက်ရှိကြောင်းကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် အမှုကိစ္စမပြီးမချင်း စုံစမ်း မေးမြန်းရန် တာဝန်ရှိသည်။ သင့်လျော်သော အချိန်အတွင်း အရေးယူဆောင်ရွက်ခြင်းမရှိပါကယင်းကိစ္စကို နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၁၇။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးရာတွင် ယင်းအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်၌ လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားပြုမှုများ လောလောဆယ်ဖြစ်ပေါ်နေခြင်းကို ချက်ချင်းရပ်တန့် တားဆီးနိုင်ရန် လိုအပ်သည်ဟု ယူဆပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းအကြီးအကဲသို့ ချက်ချင်း အကြောင်းကြားရမည်။ တချိန်တည်း၌ပင် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်၊

( ခ ) သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်း အကြီးအကဲက ချက်ချင်း အရေးမယူလျှင် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းထံ အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းကထိရောက်စွာ အရေးမယူလျှင် နိုင်ငံတော် ကောင်စီသို့တင်ပြရမည်။

၁၈။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော အဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ပုဂ္ဂိုလ်များ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများ စသည်တို့၏ ဥပစာများ၊ အဆောက်အဦများအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများ တွင်ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံ နည်းစနစ်များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊မြေပုံစာများနှင့် အခြား အထောက်အထားစာရွက်စာတမ်းများကို လေ့လာခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) တွင်ဖော်ပြသော စာရွက်စာတမ်းများကို မူရင်းအတိုင်းဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းက ပေးပို့ရန်တောင်းခံခြင်း၊

(ဃ) လုပ်ငန်းစစ်ဆေးချက်များနှင့် ပတ်သက်၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများ၊ စာရွက်စာတမ်းများကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊

(င) လုပ်ငန်းစစ်ဆေးရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို ဖိတ်ခေါ် မေးမြန်းခြင်း၊

(စ) လုပ်ငန်းများကို စစ်ဆေးရာတွင် လိုအပ်ပါက ကျွမ်းကျင်သူဝန်ထမ်းများ၏ အကူအညီကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြား အားဖြင့်ဖြစ်စေ သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့ အစည်း၏ သဘောတူ ခွင့်ပြုချက်ဖြင့်ရယူခြင်း။

၁၉။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့် အကူအညီများနှင့် အစီအစဉ်များကိုသက်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ်လုပ်ငန်းမှ တာဝန်ရှိသူများက စီစဉ်ပေးရမည်။

၂၀။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် အခြား ဗဟိုအာဏာပိုင် အဖွဲ့ အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းစုံစမ်းခွင့် မရှိစေရ၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့သည် ပုံမှန် အစီရင်ခံစာ၊ အဖွဲ့အစည်း တရပ်အား စစ်ဆေး၍ တွေ့ရှိချက်အစီရင်ခံစာ၊ ကိစ္စတရပ်နှင့် ပတ်သက်သည့် စစ်ဆေး တွေ့ရှိချက်အစီရင်ခံစာ စသည်တို့ကိုလွှတ်တော်သို့ တင်နိုင်ပြရန် နိုင်ငံတော်ကောင်စီသို့ ပေးပို့တိုင်း၊မိတ္တူကို သက်ဆိုင်ရာ ဗဟို အာဏာပိုင် အဖွဲ့အစည်းသို့ ပေးပို့ရမည်။ သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းသည် မိမိလက်အောက်ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လိုအပ်သလို ညှိနှိုင်း၍ပြန်ကြားချက်ကို မိတ္တူ ရရှိသည့်ရက်မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း နိုင်ငံတော်ကောင်စီသို့ တင်သွင်းရမည်။ ပြန်ကြားချက် မိတ္တူကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ ပေးပို့ရမည်။

## အခန်း (၄)

## ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ

၂၁။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးကို ရွေးချယ်တင်မြှောက်ရမည်။

၂၂။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးနှင့် စာရင်းရုံး အဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊

(ဂ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်း အဝေးများကို ခေါ်ယူကျင်းပခြင်း၊

(င) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်း အဝေးများ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကိုယ်စား လုပ်ငန်းစစ်ဆေးရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာ အသီးသီးတို့ကို နိုင်ငံတော်ကောင်စီသို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဆ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ လွှတ်တော်သို့ တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များကိုပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ တင်ပြခြင်း။

၂၃။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ဥက္ကဋ္ဌ အသစ်ရွေးချယ် တင်မြှောက်ခြင်း မပြုရသေးမီ ဥက္ကဋ္ဌ၏ တာဝန် ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲ ထမ်းဆောင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိတာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်း မရှိလျှင် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့ဝင် တဦးကဥက္ကဋ္ဌ၏ တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

## အခန်း (၅)

## ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၂၄။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က တာဝန်ယူရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့အချင်းချင်း ညှိနှိုင်းဆုံးဖြတ်၍ အဖွဲ့ကို အထောက်အကူပြုရန် သင့်တော်သလို ကဏ္ဍများခွဲဝေ၍ အသီးသီးတာဝန်ယူကြရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဒ်မခွဲ (က) အရ ကဏ္ဍများခွဲဝေ၍ အသီးသီး တာဝန်ယူစစ်ဆေးကြသော်လည်း မိမိတို့ ကဏ္ဍအလိုက် ထမ်းဆောင်ချက်များကို အဖွဲ့၏ ပုံမှန်အစည်းအဝေးများသို့ တင်ပြရမည်။ ထို့နောက် စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ခံမှု မူအရ အဖွဲ့အနေဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၂၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ အစည်းအဝေး များ၌ ဆွေးနွေးရမည့် ကိစ္စရပ်များနှင့် ချမှတ်ရမည့် ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ်လေ့လာ၍ လိုအပ်သလိုပါဝင်တင်ပြခြင်း၊

(ဂ) မိမိတို့ခွဲဝေတာဝန်ယူသည့် ကဏ္ဍနှင့်ပတ်သက်သည့်စစ်ဆေးတွေ့ရှိချက်များကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့မှ ပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၂၆။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) တာဝန်ထမ်းဆောင်ရာ၌ အဂတိ မလိုက်စားပဲ ဖြောင့်မတ် တည်ကြည်စွာထမ်းဆောင်ရမည်၊

(ခ) တာဝန်ထမ်းဆောင်ရာ၌ စစ်ဆေးတွေ့ရှိချက်များကိုမိမိကိုယ်ကျိုး စီးပွားအတွက်အသုံးမပြုရ၊

(ဂ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်း စောင့်ရှောက် ရမည်၊

(ဃ) မိမိတို့ တာဝန် သိက္ခာနှင့်အညီပြောဆို နေထိုင် ကျင့်ကြံရမည်။

၂၇။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွင် တစုံတခုသောအကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁၈ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက် ရမည်၊

(ခ) အဖွဲ့ဝင်အသစ် ရွေးချယ် တင်မြှောက်ခြင်း မပြုရသေးမီ ယင်း အဖွဲ့ဝင်၏ တာဝန်ဝတ်တရားများကို အခြား အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့က တာဝန်ပေးအပ်ရမည်။

## အခန်း (၆)

## ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ

၂၈။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ ပုံမှန် အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ် ကျင်းပရမည်။ အရေးကြီးသော ကိစ္စပေါ်ပေါက်၍ လိုအပ်လျှင်အထူးအစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။

၂၉။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ အစည်းအဝေး အစီအစဉ်ကို ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ရုံးမှတင်ပြရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းလိုသော ကိစ္စရပ်များကို ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးသို့ ကြိုတင် အကြောင်းကြားခွင့်ရှိ သည်။ ယင်း အကြောင်းကြားချက်များကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ရုံးမှ အစည်းအဝေး အစီအစဉ်တွင် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထည့်သွင်းပေးရမည်။

၃၀။ ပုံမှန် အစည်း အဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို အစည်းအဝေးအစီအစဉ်နှင့် သက်ဆိုင်ရာစာရွက်စာတမ်းများပါပူးတွဲ၍ ပြည်သူ့

လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးက ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များထံသို့ ကြိုတင်ပေးပို့ရမည်။

၃၁။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်း အဝေးများတွင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် အစည်းအဝေး မတက်ရောက် နိုင်ပါက အဖွဲ့ဝင်တဦးအား အစည်းအဝေးဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့က တာဝန်ပေးအပ်ရမည်။

၃၂။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင် ခုနစ်ဆယ့်ငါး ရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး အထမြောက် စေရန် လိုအပ်သည့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်းမရှိပါက အစည်းအဝေးကို ထပ်မံဖိတ်ခေါ် ကျင်းပရမည်။

၃၃။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင် ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့်ချမှတ်ရမည်။

၃၄။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးသည်—

(က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ အစည်းအဝေးနှင့် စပ်လျဉ်းသည့်ကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ရမည်၊

(ခ) အစည်းအဝေး မှတ်တမ်းများကို လိုအပ်သလို မှတ်တမ်း တင်ထားရမည်၊

(ဂ) အစည်းအဝေး မှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ မှတ်တမ်းများ၊ ဆောင်ရွက်ချက်များနှင့်စစ်ဆေးတွေ့ရှိချက်များသည် ပြည်သူလူထုသို့ ထုတ်ပြန်ခြင်း မရှိလျှင် နိုင်ငံတော်၏လျှို့ဝှက်ချက်များဖြစ်သည်။

# အခန်း (၇)

## ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၆။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်၊ တိုင်းနှင့် မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီတို့၏ လမ်းညွှန်မှုကိုလည်းကောင်း၊ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီတို့၏ လမ်းညွှန်မှုကိုလည်းကောင်း ခံယူ၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်၊

(ခ) မြို့နယ် လုပ်ငန်းစစ်ဆေးရေး အဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ပြည်သူ့ကောင်စီနှင့် လိုအပ်ပါက ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့လည်းကောင်း၊ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့လည်းကောင်း လုပ်ငန်းဆောင်ရွက်ချက်များကို အချိန်မှန် တင်ပြရမည်။

၃၇။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့အသီးသီးသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။ လုပ်ငန်းစစ်ဆေးရေး အခြေအနေများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့အစီရင်ခံရမည်။

၃၈။ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသောအဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း အတွင်းရှိ အောက်ပါအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများကိုစစ်ဆေးပိုင်ခွင့်ရှိသည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီရုံး၊
(ခ) ပြည်နယ်နှင့် တိုင်းတရားရုံး၊
(ဂ) ပြည်နယ်နှင့် တိုင်းဥပဒေရုံး၊
(ဃ) ပြည်နယ်နှင့် တိုင်းစာရင်းရုံး၊
(င) အခြေခံဥပဒေပုဒ်မ ၁၃၂ တွင်ဖော်ပြထားသည့် ပြည်သူ့ကောင်စီများ၏လုပ်ပိုင်ခွင့်များအရ ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီများက ဆောင်ရွက်သည့် လုပ်ငန်းများ၊
(စ) ဦးစီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်း များ ၏ ပြည်နယ်နှင့် တိုင်းအဆင့်ရှိ အဖွဲ့အစည်းနှင့်လုပ်ငန်းများ၊
(ဆ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက တိုက်ရိုက်စီမံခန့်ခွဲသည့် အခြားလုပ်ငန်းများ၊
(ဇ) သမဝါယမအသင်းများ၊
(ဈ) စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသည့် အဖွဲ့အစည်းများ၊
(ည) ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့်အဖွဲ့အစည်းများ။

၃၉။ ပြည်နယ်နှင့် တိုင်း လုပ်ငန်း စစ်ဆေးရေးအဖွဲ့များသည် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိ ဝန်ထမ်းအဖွဲ့အစည်းများနှင့် လုပ်ငန်းများကို စစ်ဆေးရန်လိုအပ်ပါက သက်ဆိုင်ရာ ပြည်သူ့ကောင်စီအားအကြောင်းကြား၍ စစ်ဆေးနိုင်သည်။

၄၀။ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ အောက်ပါအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်—

(က) မြို့နယ်ပြည်သူ့ကောင်စီရုံး၊

(ခ) မြို့နယ်တရားရုံး၊

(ဂ) မြို့နယ်ဥပဒေရုံး၊

(ဃ) မြို့နယ်စာရင်းရုံး၊

(င) အခြေခံဥပဒေပုဒ်မ ၁၃၂ တွင် ဖော်ပြထားသည့် ပြည်သူ့ကောင်စီများ၏ လုပ်ပိုင်ခွင့်များအရ မြို့နယ်ပြည်သူ့ကောင်စီများက ဆောင်ရွက်သည့် လုပ်ငန်းများ၊

(စ) ဦးစီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများ၏ မြို့နယ်အဆင့်ရှိ အဖွဲ့အစည်းနှင့် လုပ်ငန်းများ၊

(ဆ) မြို့နယ် ပြည်သူ့ကောင်စီက တိုက်ရိုက်စီမံခန့်ခွဲသည့် အခြားလုပ်ငန်းများ၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ရုံး များနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၊

(ဈ) သမဝါယမအသင်းများ၊

(ည) စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသည့် အဖွဲ့အစည်းများ၊

(ဋ) ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း လုပ်ငန်း စစ်ဆေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် အဖွဲ့အစည်းများ။

၄၁။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် မိမိတို့တွေ့ရှိချက်များအရသော်လည်းကောင်း၊ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့ကောင်စီများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ လူထု လူတန်းစားအဖွဲ့အစည်း

များ သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းများ၏ တိုင်တမ်းချက် အရသော်လည်းကောင်း လိုအပ်သည်ဟုယူဆပါက သက်ဆိုင်ရာစစ်ဆေးပိုင်ခွင့်ရှိသော အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကို စစ်ဆေးနိုင်သည်။

၄၂။ ပြည်သူ့ကောင်စီ တရပ်ကဖြစ်စေ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ကဖြစ်စေ ယင်းတို့၏လက်အောက်ရှိ အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကိုစစ်ဆေးပေးရန် တောင်းခံလာပါက ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့က လိုအပ်သလိုစစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ပေးပို့ရမည်။

၄၃။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသောအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် ဥပဒေအရ စစ်ဆေးပိုင်ခွင့်ရှိသော အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးသည့်အခါ ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၇ တွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည်။

၄၄။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသောအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့်အကူအညီများနှင့် အစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းမှတာဝန်ရှိသူများက စီစဉ်ပေးရမည်။

၄၅။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် အခြား ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်ရသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်း စုံစမ်းခွင့်မရှိစေရ။

၄၆။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် အဖွဲ့အစည်း တရပ်ရပ်အား စစ်ဆေး၍ တွေ့ရှိချက်အစီရင်ခံစာ၊ ကိစ္စတရပ်နှင့် ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြရမည်။

၄၇။ (က) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ဥပဒေအရ စစ်ဆေးပိုင်ခွင့်ရှိသောအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရအရေးယူသင့်သည်ဟု ယူဆသောကိစ္စများကို တွေ့ရှိပါက သက်ဆိုင်ရာအဖွဲ့အစည်း အကြီးအကဲ သို့မဟုတ် လုပ်ငန်းအကြီးအကဲက လိုအပ်သလို အရေးယူနိုင်ရန်အကြောင်းကြားရမည့်အပြင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့လည်း အကြောင်းကြားရမည်၊

(ခ) သက်ဆိုင်ရာ အဖွဲ့အစည်းတို့က မည်ကဲ့သို့ အရေးယူလျက်ရှိကြောင်းကို ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် အမှုကိစ္စမပြီးမချင်း မေးမြန်းရမည်၊

(ဂ) သင့်လျော်သော အချိန်အတွင်း အရေးယူဆောင်ရွက်ခြင်းမရှိကြောင်းတွေ့ရှိလျှင် လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၈)

## ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၄၇။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အား ဦးဆောင်မှု ပေးခြင်း၊

(ခ) သက်ဆိုင်ရာ စာရင်းရှင်း အဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊

(ဂ) သက်ဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး အစီအစဉ်ကိုအတည်ပြုခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(င) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး များ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) သက်ဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ကိုယ်စား လုပ်ငန်းစစ်ဆေးရေးအခြေအနေအရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို

သက်ဆိုင်ရာပြည်သူ့ကောင်စီသို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဆ) လွှတ်တော်သို့တင်ပြရန် လိုအပ်သော ကိစ္စရပ်များရှိပါက တင်ပြနိုင်ရန် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း။

၄၉။ (က) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းများကို ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့အချင်းချင်း ညှိနှိုင်းဆုံးဖြတ်၍ သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကိုအထောက်အကူပြုရန် သင့်တော်သလို ကဏ္ဍများခွဲဝေ၍ အသီးသီးတာဝန်ယူကြရမည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဒ်မခွဲ(က)အရ ကဏ္ဍများခွဲဝေ၍ အသီးသီးတာဝန်ယူစစ်ဆေးကြသော်လည်း မိမိတို့ ကဏ္ဍအလိုက် ထမ်းဆောင်ချက်များကို သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ ပုံမှန် အစည်းအဝေးများသို့ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

၅၀။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ အစည်းအဝေးများ၌ ဆွေးနွေးရမည့်ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ်လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(ဂ) မိမိတို့ ခွဲဝေတာဝန်ယူသည့် ကဏ္ဍနှင့်ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၅၁။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) တာဝန်ထမ်းဆောင်ရာ၌ အဂတိမလိုက်စားပဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(ခ) တာဝန် ထမ်းဆောင်ရာ၌ စစ်ဆေး တွေ့ရှိချက်များကို မိမိကိုယ်ကျိုးစီးပွားအတွက် အသုံးမပြုရ၊

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန် ကြေညာခြင်း မပြုသေး သရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဃ) မိမိတို့ တာဝန်သိက္ခာနှင့် အညီ ပြောဆို နေထိုင် ကျင့်ကြံရမည်။

၅၂။ (က) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံ ဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ဥက္ကဋ္ဌအသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီ ဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိတာဝန်ကို ယာယီထမ်းဆောင်နိုင်စွမ်းမရှိလျှင် ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲ ထမ်းဆောင်ရမည်။

၂၃။ (က) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် အခြေခံ ဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) အဖွဲ့ဝင်အသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီ ယင်း အဖွဲ့ဝင်၏ တာဝန် ဝတ္တရားများကို အခြားအဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့က တာဝန်ပေးအပ်ရမည်။

## အခန်း (၉)

## ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ

၅၄။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ ပုံမှန် အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ်ကျင်းပရမည်။ အရေးကြီးသောကိစ္စ ပေါ်ပေါက်၍လိုအပ်လျှင် အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၅၅။ (က) အစည်းအဝေး အစီအစဉ်ကို ဥက္ကဋ္ဌ၏ ညွှန်ကြားချက် အရ သက်ဆိုင်ရာစာရင်းရှင်းမှ တင်ပြရမည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များသည် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသော ကိစ္စရပ်များကို သက်ဆိုင်ရာ စာရင်းရှင်းသို့ ကြိုတင် အကြောင်းကြားခွင့် ရှိသည်။ အကြောင်းကြားချက်များကို သက်ဆိုင်ရာ စာရင်းရှင်းမှ အစည်းအဝေးအစီအစဉ်တွင် သက်ဆိုင်ရာဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထည့်သွင်းပေးရမည်။

၅၆။ ပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို အစည်းအဝေး အစီအစဉ်နှင့် စာရွက်စာတမ်းများပါ ပူးတွဲ၍ စာရင်းရှင်းက လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များထံ ကြိုတင်ပေးပို့ရမည်။

၅၇။ (က) ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌသည် မိမိနှင့် သက်ဆိုင်သော ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် အစည်းအဝေးမတက်ရောက်နိုင်ပါက အဖွဲ့ဝင်တဦးအား အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့က တာဝန်ပေးအပ်ရမည်။

၅၈။ (က) ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးတွင် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက် မှသာလျှင် အစည်းအဝေး အထမြောက်သည်။ သို့ရာတွင် ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ဝင် ၃ ဦးသာရှိလျှင်၊ သာမန်အားဖြင့် အဖွဲ့ဝင် ၃ ဦးလုံး တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး အထမြောက်စေရန် လိုအပ်သည့်အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်းမရှိပါက အစည်းအဝေးကို ထပ်မံ ဖိတ်ခေါ်ကျင်းပရမည်။ အဖွဲ့ဝင် ၃ ဦးသာ ရှိသော ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေး အဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးတွင် အဖွဲ့ဝင် ၂ ဦး တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်၊

(ဂ) အဖွဲ့ဝင် ၃ ဦးသာရှိပြီး ၂ ဦးသာ တက်ရောက်သော ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေးတွင် သဘောကွဲလွဲမှုမရှိပဲ ၂ ဦးလုံး သဘောတူညီမှသာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ သဘောကွဲလွဲမှုရှိပါက အဖွဲ့ဝင် ၃ ဦးလုံး တက်ရောက်သည့် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးအဖွဲ့တွင်သာ ဆုံးဖြတ်ရေး ချက်ချမှတ်ရမည်။

၅၉။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်စာရင်းရှုံးသည်—

(က) သက်ဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ အစည်းအဝေးများနှင့် စပ်လျဉ်းသည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) အစည်းအဝေး မှတ်တမ်းများကို လိုအပ်သလို မှတ်တမ်းတင်ထားရမည်၊

(ဂ) အစည်းအဝေးမှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၆၀။ သက်ဆိုင်ရာလုပ်ငန်းစစ်ဆေးရေး အဖွဲ့၏မှတ်တမ်းများ၊ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များသည် ပြည်သူ လူထုသို့ ထုတ်ပြန်ခြင်း မရှိလျှင် နိုင်ငံတော်၏ လျှို့ဝှက် ချက်များဖြစ်သည်။

# အခန်း(၁၀)

## အထွေထွေ

၆၁။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းအဝဝကိုတာဝန်ယူ ဆောင်ရွက်နိုင်ရန် ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ရုံးကို ဖွဲ့စည်းထားရှိရမည်၊

(ခ) လုပ်ငန်း စစ်ဆေးရေး လုပ်ငန်းများကို အခြေခံ အားဖြင့် လုပ်ဆောင်၍ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့များသို့ သက်ဆိုင်သလို တင်ပြနိုင်ရန် ဗဟိုစာရင်းရုံး၊ ပြည်နယ် စာရင်းရုံး၊ တိုင်းစာရင်းရုံးနှင့် မြို့နယ် စာရင်းရုံးများကို ဖွဲ့စည်းထားရှိရမည်၊

(ဂ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့ရုံးနှင့် စာရင်းရုံး အဆင့်ဆင့် ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြား သတ်မှတ် ပေးရမည်။

၆၂။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့မှ လွှတ်တော်သို့ တင်သွင်းလိုသော ဥပဒေကြမ်းများကို နိုင်ငံတော်ကောင်စီမှတဆင့် တင်သွင်းရမည်။

၆၃။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် ဤဥပဒေပါ ကိစ္စများကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အခြေခံဥပဒေပုဒ်မ ၂၀၃ ပုဒ်မခွဲ(က)နှင့်အညီ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၆၄။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့၏လစာ၊ စရိတ်ကြေးငွေနှင့် အခြားတရားဝင် ခံစားခွင့်များမှအပ၊ အခြားလစာ၊ စရိတ်ကြေးငွေများကို ခံစားခွင့်မရှိစေရ။မိမိတို့အတွက်အခြားအကျိုးအမြတ်ရရှိသည့် မည်သည့်ရာထူးဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆၅။ ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင်များသည် သီးခြားသတ်မှတ်ထားသောလစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်၊ အခြားစရိတ်နှင့် ရပိုင်ခွင့်များကို ခံစားပိုင်ခွင့်ရှိသည်။

၆၆။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့်သာ ပြည်ပသို့ ခရီးသွားနိုင်ခွင့်ရှိသည်။

၆၇။ အောက်ဖော်ပြပါ ဥပဒေနှင့် အမိန့်ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် —

(က) The Auditor General Act, 1948 (Act No. VII of 1948).

(ခ) The Union of Burma (Audit and Accounts) Order, 1948.